တာအမှတ် ၂၈၇
ရက်စွဲ ၅-၁-၂၀၁၇

# နုံသမာဓိကောင်စီ

## နုံအဖွဲ့၏ ရှင်းလင်းချက်

{နည်းဥပဒေ-၂၇}

**နုံသမာဓိကောင်စီ၏ အငြင်းပွားမှုအမှတ် (၈၈/၂၀၁၆)**

စာအမှတ်၊၀၀၂/၁/၁၁/အလဆ(လုပ်ငန်း) ၂၀၁၇( ၀၀၁ )

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

အကြောင်းအရာ။ **နုံသမာဓိကောင်စီအမှုအမှတ် (၈၈/၂၀၁၆) ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းချက်**

ရည်ညွှန်းချက်။ အလုပ်ရှင်၏အထူးကိုယ်စားလှယ် ဦးထွဋ်မြတ်ရှိန်နှင့် ဒေါ်ရတနာဦးတို့၏ ၂-၁-၂၀၁၇ ရက်နေ့စွဲပါ လျှောက်ထားလွှာ

၁။ အထက်ရည်ညွှန်းချက်ပါစာတွင် ဖော်ပြပါရှိသည့် မရှင်းလင်းသည့် အချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းရှင်းလင်းဖော်ပြလိုက်ပါသည်-

မေးမြန်းချက်။ MIC ခွင့်ပြုချက်ဖြင့် Capital Development Limited မှ ယခုလက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းများတွင်ပြန်လည်ခန့်အပ်ရန် ဆိုသည့်အချက်မှ ဆက်စပ်လုပ်ကိုင်နေသည့် (CDL) ၏ အခြားအလုပ်ဌာနများတွင် ဖြန့်ခွဲ၍ ဝန်ထမ်းများ၏ အသက်အရွယ်အပိုင်းအခြားအလိုက် လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် အခြေခံ၍ သင့်တော်သည့်စီမံခန့်ခွဲမှုနည်းလမ်းဖြင့် တာဝန်ပေးစေလွှတ်ခန့်အပ်နိုင်မှုရှိ/မရှိ ပြန်လည်ရှင်းလင်းပေးပါရန်။

ရှင်းလင်းချက်။ နုံသမာဓိကောင်စီ၊ နုံအဖွဲ့၏ ဆုံးဖြတ်ချက်မှာ "ဒေါ်အေးအေးအောင် ပါ ဝန်ထမ်း( ၁၃၂)ဦးအား မူလရာထူး(သို့မဟုတ်) မူလရာထူးတွင် ရရှိသည့် လစာထက်မနိမ့်ကျသော အလုပ်အကိုင်ရာထူးနေရာတွင် မူလဒေါပုံ ကော်ဇော စက်ရုံဝင်းအတွင်း ရှိ ကုမ္ပဏီ၏အခြားလုပ်ငန်းဌာနများတွင် (ဆုံးဖြတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း) အလုပ်ပြန်လည်ခန့်ထားရန်" ဟု ဆုံးဖြတ်ထားခြင်းဖြစ်ပေသည်။ ဆုံးဖြတ်ချက်ပါအတိုင်း မူလဒေါပုံ ကော်ဇောပစ္စည်းစက်ရုံဝင်းအတွင်း၌သာ တည်ထောင်ထားရှိသော CDL ကုမ္ပဏီ၏ မည်သည့်လုပ်ငန်း အလုပ်ဌာနတွင်မဆို အလုပ်အကိုင်အခွင့်အလမ်းကို ပေးအပ်နေရာချထားရန် ဆိုလိုပါသည်။ သို့ဖြစ်၍ ကုမ္ပဏီ၏